# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 1, 2019 — Volume 17, Number 1


**၁.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၄၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၈/ကျပ် |
| CBM Rate | = ၁၅၁၁.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၆ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၃.၃ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၅၀.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၂.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၄၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၀၅ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၃၉ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၁၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၆၁၇ကျပ် |

## လေးလခွဲအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၂၅၀ ကျော်အပါအဝင် ကျပ် ၇၃၆ ဘီလျံကျော်ရှိပြီး နှစ် ၃၀ အတွင်း အိမ်ခြံမြေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စုစုပေါင်းနိုင်ငံသားရင်းနှီးမြှုပ်နှံမှု၏ ၂၃ ရာခိုင်နှုန်းခန့်ဖြင့် အများဆုံးမြှုပ်နှံထား

လေးလခွဲအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၂၅၀ ကျော် အပါအဝင် ကျပ် ၇၃၆ ဘီလျံကျော်အထိ ရှိနေပြီး နှစ် ၃၀ အတွင်း အိမ်ခြံမြေဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စုစုပေါင်းနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု၏ ၂၃ ရာခိုင်နှုန်းခန့်ဖြင့် အများဆုံး မြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၉) ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါအစည်းအဝေး အမှတ်စဉ်(၃/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အတည်ပြု လုပ်ငန်းသုံးခု ခွင့်ပြုခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခု၊ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခုနှင့် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခု ခွင့်ပြုခဲ့သဖြင့် ယခုအစည်းအဝေး ကာလအတွင်း စုစုပေါင်းလုပ်ငန်းသုံးခုမှ ရင်းနှီး

**CONTACT US**


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

မြှုပ်နှံမှု ပမာဏဒေါ်လာ ၁ ဒသမ ၂၄၈ သန်းအပါအဝင် ကျပ် ၁၀၇၅၀ သန်း ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၇၆ ဦးကို ဖန်တီးပေးမည်ဖြစ်ကြောင်း၊ ခွင့်ပြု/အတည်ပြုလုပ်ငန်း သုံးခုမှာ စက်မှုကဏ္ဍတစ်ခုနှင့် ဟိုတယ်ကဏ္ဍ နှစ်ခု တို့ဖြစ်ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုအတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၉ ခု၊ ဒေါ်လာ ၂၁၂ ဒသမ ၀၈၈ သန်းအပါအဝင် ကျပ် ၅၇၅၃၅၅ ဒသမ ၆၈၈ သန်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၅၁ ဒသမ ၁၈၇ သန်းအပါအဝင် ကျပ် ၇၃၆၆၇၄ ဒသမ ၄၂၈ သန်းဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သတင်းထုတ်ပြန်ချက်အမှတ်စဉ်(၃/၂၀၁၉)အရ သိရသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်အထိ စုစုပေါင်းနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၀၀၇၇ ဒသမ ၈၆၅ သန်းနှင့် ကျပ် ၁၈၂၃၉ ဘီလျံကျော်အထိ ရှိနေသည်။ ကဏ္ဍအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအခြေအနေကို လေ့လာကြည့်ပါက အိမ်ခြံမြေဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စုစုပေါင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှု၏ ၂၃ ရာခိုင်နှုန်းခန့်ဖြင့် အများဆုံးဖြစ်သည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ၁၈ ရာခိုင်နှုန်းကျော်ဖြင့် ဒုတိယအများဆုံး ဖြစ်သည်။ အခြားကဏ္ဍများတွင် ၁၆ ရာခိုင်နှုန်းကျော်ဖြင့် တတိယအများဆုံးဖြစ်ကာ သယ်ယူ ပို့ဆောင်ရေးကဏ္ဍတွင် ၁၅ ရာခိုင်နှုန်းကျော်ဖြင့် စတုတ္ထအများဆုံး ဖြစ်သည်။

ထို့ပြင် ဟိုတယ်ကဏ္ဍတွင်လည်း စုစုပေါင်းနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု၏ ၁၀ ရာခိုင်နှုန်းကျော်၊ ဆောက်လုပ်ရေး ကဏ္ဍတွင် စုစုပေါင်းနိုင်ငံသားရင်းနှီးမြှုပ်နှံမှု၏ ငါးရာခိုင်နှုန်းကျော်စသည်ဖြင့် မြှုပ်နှံထားကြောင်း သိရသည်။လက်ရှိ ဘဏ္ဍာနှစ် ငါးလခန့်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၈ ဘီလျံကျော်အထိ ဝင်ရောက်ထားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၀၉ ခု အထိခွင့်ပြုပေးထားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏအနေဖြင့် ဒေါ်လာ ၁ ဒသမ ၂၃၅ ဘီလျံကျော် အထိရှိကြောင်း သိရသည်။

ထို့ပြင် ယခင်ခွင့်ပြုပေးထားသည့် လုပ်ငန်းအဟောင်းများက ရင်းနှီးမြှုပ်နှံမှုထပ်မံတိုးချဲ့မှုမှာ ဒေါ်လာ ၈၆၄ ဒသမ ၄၈၃ သန်း အထိရှိပြီး သီလဝါအထူးစီးပွားရေးဇုန်သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၀၂ ဒသမ ၀၇၀ သန်းဝင်ရောက်ထားသည့်အတွက် စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၁ ဒသမ ၈၀၁ ဘီလျံကျော် (၁,၈၀၁ ဒသမ ၆၅၄ သန်း) အထိ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/8621

## ၂၀၁၉ ဧပြီလမှာ မြန်မာဈေးကွက်ထဲ ဝင်ရောက်ဖို့စီစဉ်နေတဲ့ တရုတ်လေကြောင်းလိုင်း Juneyao Air

တရုတ်လေကြောင်းလိုင်း တစ်လိုင်းဖြစ်တဲ့ Juneyao Air ကတော့ ၂၀၁၉ ဧပြီလမှာ မြန်မာဈေးကွက်ထဲ ချဲ့ထွင်ဝင်ရောက်လာတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။အဆိုပါ Juneyao Air အနေနဲ့ A320 လေယာဉ်နဲ့အတူ Nanjing-မန္တလေး ခရီးစဉ်ကို တစ်ပတ်ကို သုံးကြိမ်စတင် ပြေးဆွဲပျံသန်းပေးသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။လက်ရှိမှာတော့

ယင်းခရီးစဉ်မှာ တစ်ခုတည်းသော ပြေးဆွဲသူကတော့ Donghai Airlines ဖြစ်တယ်လို့လည်း သိရပါတယ်။ Juneyao Air ကတော့ တရုတ်နိုင်ငံ Shanghai မှာ အခြေစိုက်တဲ့ လေကြောင်းလိုင်းတစ်လိုင်းဖြစ်ပြီး ပြည်တွင်း၊ နိုင်ငံတကာ ခရီးစဉ်တွေကိုပါ ပျံသန်းပြေးဆွဲနေလျက် ရှိပါတယ်။

ယခု စီစဉ်ထားတဲ့ ဝန်ဆောင်မှုကတော့ Juneyao Air အတွက်ကတော့ ပထမဆုံးသော မြန်မာနိုင်ငံ ဝန်ဆောင်မှုလည်း ဖြစ်လာမှာဖြစ်ပါတယ်။

**Source:** https://blueswandaily.com/juneyao-air-to-enter-myanmar-mar.../SFJ Strategy First Journal

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ဖို့ တစ်ပတ်ရစ်ကား တင်သွင်းမှု ထိုင်းပိတ်ပင်မည်

နိုင်ငံမှာ အသုံးပြုသား ကား (တစ်ပတ်ရစ် ကား) တွေကို တင်သွင်းမှုအပေါ် ပိတ်ပင်တားမြစ်ဖို့ ထိုင်းအစိုးရက စီစဉ်နေပြီ ဖြစ်ကြောင်း သိရပါတယ်။ဒါဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ဖို့နဲ့ နိုင်ငံတွင်း လေထု ညစ်ညမ်းမှုကို ထိန်းချုပ်ဖို့ ရည်ရွယ်လုပ်ဆောင်တာဖြစ်တယ်လို့ ဆိုပါတယ်။

ယခုလို တစ်ပတ်ရစ် ကားတွေအပေါ် တင်သွင်းမှု ပိတ်ပင်မယ့်ကိစ္စနဲ့စပ်လျဉ်းလို့ သက်ဆိုင်ရာ အေဂျင်စီတွေနဲ့ ဆွေးနွေးခဲ့ပြီး ယခုအခါ စည်းမျဉ်းတွေပြဌာန်းဖို့ လုပ်ဆောင်နေပြီဖြစ်ကြောင်း ထိုင်းစီးပွားကူးသန်းဝန်ကြီး Chutima Bunyapraphasara က ပြောပါတယ်။

ယခု ပိတ်ပင်မှုမှာတော့ အဓိကအားဖြင့် တစ်ပတ်ရစ် အိမ်စီးကားတွေ အပေါ် အဓိက လုပ်ဆောင်မှာဖြစ်ပြီး ကရိန်းထရပ်တွေ၊ လူနာတင်ယာဉ်တွေ၊ မီးသတ်ကားတွေကတော့ ကင်းလွတ်ခွင့်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ပကို ပြန်လည်တင်ပို့ဖို့ ရည်ရွယ်တဲ့ တင်သွင်းမှုတွေကိုလည်း ခွင့်ပြုပေးမှာဖြစ်ပါတယ်။

**Source:**https://www.bangkokpost.com/business/news/ SFJ Strategy First Journa

## ရခိုင်ပြည်နယ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ကျော်ခန့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အဆိုပြုထား

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ- ၂၀၁၉ ကို ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီ ကမ်းခြေတွင် အောင်မြင်စွာ ကျင်းပခဲ့ပြီး ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များသည် ရခိုင်ပြည်နယ်အတွင်း၌ အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ကျော်ခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အဆိုပြုခဲ့ကြောင်း ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာထူးမင်းသိမ်း က ပြောသည်။ "ရင်းနှီးမြှုပ်နှံမှုပြပွဲမှာ လက်မှတ်ထိုးဖြစ်တာ အခု ၃၀ ရှိပါတယ်။ EOIလို့ခေါ်တဲ့ Expression of Interest အနေနဲ့က ၂၇ ခု၊ project proposalက နှစ်ခု၊ ကုမ္ပဏီအချင်းချင်း B to B ထိုးတဲ့ MoU က တစ်ခု ဖြစ်ပါတယ်။ ပွဲကိုတက်ရောက်ကြတဲ့ ပြည်တွင်းပြည်ပက လုပ်ငန်းရှင်တွေက ရခိုင်ပြည်နယ်မှာရှိတဲ့ အလားအလာတွေအပေါ် စိတ်ဝင်စားပြီးတော့ သူတို့လုပ်ကိုင်လိုတဲ့ ကဏ္ဍအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘယ်လောက်လုပ်ဖို့ စိတ်ဝင်စားပါတယ် ဆိုတဲ့ အဆိုပြုချက်တွေ ဖြစ်ပါတယ်။ တန်ဖိုးအနေနဲ့ပြောရရင် အမေရိကန် ဒေါ်လာ ၅၂၄၉ သန်း ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အဆို ပြုရာ၌ ဟိုတယ်နှင့် ခရီးသွားကဏ္ဍကို အထူးစိတ်ဝင်စားမှု များပြားပြီး စိုက်ပျိုးရေး၊ စွမ်းအင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေး၊ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားကဏ္ဍတွင်လည်း စိတ်ဝင်စားမှုရှိကြောင်း သိရသည်။ "ဟိုတယ်နဲ့ခရီးသွားလာရေးကဏ္ဍမှာ စိတ်ဝင်စားမှုရှိတဲ့ နေရာတွေကို ပြောရရင် မာန်အောင်နဲ့ ငပလီကမ်းခြေတစ်ဝိုက် ရှိမယ်၊ ဂွကမ်းခြေ ရှိမယ်။ အဲဒီနေရာတွေက ဟိုတယ်နဲ့ ခရီးသွားကဏ္ဍမှာ စိတ်ဝင်စားမှုအရှိဆုံးလို့ ပြောလို့ရပါတယ်။ မွေးမြူရေးနဲ့ ရေလုပ်ငန်းမှာဆိုရင် ရခိုင်ပြည်နယ် တောင်ပိုင်းနဲ့ မြောက်ပိုင်းကိုပါ စိတ်ဝင်စားမှုရှိတယ်။ အဓိကက ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းအတွက် ဝင်ရောက်လာဖို့ရှိတယ်။ ပြည်နယ်အစိုးရက လုပ်ငန်းတွေ အကောင်အထည်ဖော်နိုင်ဖို့ စတင်ဖိတ်ခေါ်နေပါပြီ။ လုပ်ငန်းရှင်တွေဘက်ကလည်း ဆက်သွယ်မှုတွေ ရှိနေပါပြီ"ဟု ဒေါက်တာထူးမင်းသိမ်းက ပြောသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင်

ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှု ပိုမိုများပြားနေပြီး ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားမှု ၁၄ ခုရှိကြောင်း၊ ဟိုတယ်လုပ်ငန်းသည် သဘောသဘာဝအားဖြင့် အလုပ်အကိုင် အခွင့်အလမ်း အမြောက်အမြား ဖန်တီးပေးနိုင်သည့် လုပ်ငန်းအမျိုးအစား တစ်ခုဖြစ်သည့်အတွက် ဒေသခံ ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ငပလီကမ်းခြေ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်ထိ ကျင်းပခဲ့သည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ ပြည်တွင်း ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ကျော် တက်ရောက်ခဲ့ပြီး ပြပွဲကာလအတွင်း ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အလားအလာရှိသည့် နေရာများသို့ သွားရောက်လေ့လာသည့် ခရီးစဉ်များလည်း ပါဝင်ခဲ့သည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/MYANMAALINNNEWS

## ဝမ်းတွင်းမြို့နယ်အတွင်း ပန်းဂေါ်ဖီစိုက်တောင်သူများ အဆင်ပြေ



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရှောက်တောအုပ်စု ဆင်သေကွေ့ကျေးရွာတွင် ပန်းဂေါ်ဖီစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများ ထံမှ သိရသည်။ ပန်းဂေါ်ဖီသီးနှံမှာ (ဒေသအခေါ် ပန်းမုန်လာ) ဆောင်းသီးနှံဖြစ်ပြီး မျိုးစေ့ဝယ်ယူ စိုက်ပျိုးရသည့် သီးနှံဖြစ်ကြောင်း၊ ပျိုးကို တစ်လခွဲပျိုးထောင်ရပြီး ရက်ပေါင်း ၆၀ ကျော်လျှင် ဆွတ်ခူး၍ရကြောင်း၊ ပန်းဂေါ်ဖီစိုက်ပျိုးရာတွင် ခရမ်းသီး၊ ခရမ်းချဉ်သီးနှင့် ငရုတ်ကဲ့သို့သော သီးနှံများကို သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ကြောင်း ပန်းဂေါ်ဖီစိုက်ပျိုးသူ တောင်သူ ဦးကြည်ခိုင်ထံမှ သိရသည်။

လက်ရှိအချိန်တွင် ပန်းဂေါ်ဖီတစ်ပွင့်လျှင် ပွဲစားကောက်ဈေးမှာ ငွေကျပ် ၂၅၀ မှ ၃၀၀ အထိရှိနေပြီး အဆိုပါဈေး၌ပင် ဒေသခံတောင်သူများ အဆင်ပြေနေကြောင်း တောင်သူများထံမှသိရသည်။ မြေတစ်ဧကလျှင် ပန်းဂေါ်ဖီ အပွင့် ၁၀၀၀ နှင့် ၁၂၀၀ အထိ စိုက်ပျိုးနိုင်ပြီး အထွက်ကောင်းပါက တစ်ဧကလျှင် ငွေကျပ် ១၅ သိန်း ဝန်းကျင်အထိ တောင်သူများအတွက် အမြတ်ငွေကျန်ရှိ၍ ဒေသခံပန်းဂေါ်ဖီ (ဒေသအခေါ် ပန်းမုန်လာ) စိုက်တောင်သူများ အဆင်ပြေနေကြောင်း အဆိုပါ တောင်သူများထံမှ သိရသည်။

**Source:** https://myanmar.mmtimes.com/news/120984.html

## ယခုရက်ပိုင်းအတွင်း မန္တလေးပဲဈေးကွက်တွင် ပဲကြီးနှင့် ပဲယင်းများ ဈေးဆက်တိုက်မြင့်တက်လာ

ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံ၏ ဝယ်လိုအား မြင့်တက်လာမှုကြောင့် မန္တလေးပဲဈေးကွက်တွင် ပဲကြီးနှင့် ပဲယင်းဈေးနှုန်းများမှာ ဆက်တိုက်မြင့်တက်လာကြောင်း မန္တလေးပဲဈေးကွက်အတွင်းမှ သိရသည်။

ပဲဈေးကွက်တွင် ပဲကြီးမှာ ဖေဖော်ဝါလရီ ပထမပတ်က သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၈၀,၀၀၀ နှုန်းခန့်ရှိခဲ့သော်လည်း၊ ယခု ဖေဖော်ဝါရီလ ၂၆ ရက်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅,၀၀၀ နှုန်းအထိ လည်းကောင်း၊ အလားတူ ယခင်က ပဲယင်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၂,၀၀၀ နှုန်းခန့် ဈေးရှိခဲ့ရာမှ ယခု ဖေဖော်ဝါရီလ ၂၆ ရက်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၇,၀၀၀ ခန့်အထိ ရှိလာကြောင်း သိရသည်။ " တရုတ်ဘက်ကနေ ဒီရက်ပိုင်း ဝယ်နေလို့ ဈေးတိုက်လာတာ။ ဈေးကောင်းတာတင် မဟုတ်ဘူး။ အရောင်းအဝယ်လည်း ကောင်းလာတယ် " ဟု ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

ယခင်က ပဲကြီးနှင့် ပဲယင်းကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေရသည့်အတွက် တရုတ်နိုင်ငံဘက်မှ ဝယ်ယူမှုများရှိပါက ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်တတ်ပြီး ပဲကြီးနှင့် ပဲယင်းမှာ အိန္ဒိယနှင့် ဂျပန်နိုင်ငံများသို့ တင်ပို့မှုများရှိကြောင်း သိရသည်။" အခု ပဲကြီးနဲ့ ပဲယင်းက အခုစပေါ်တာ။ ဒီအချိန်မှာပဲ ဈေးကောင်းရတာဖြစ်တော့ ဒီနှစ်စီးပွားရေးလေး အဆင်ပြေမယ်ထင်တယ်။ ဈေးကောင်းမရရင်တော့ အရှုံးပဲရှိတာ" ဟု သာစည်မြို့နယ်မှ ပဲကြီးစိုက်တောင်သူ ဦးကြင်ဆောင်က ပြောသည်။

ပဲကြီးနှင့် ပဲယင်းကို မွန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှ စိုက်ပျိုးထွက်ရှိကြောင်းနှင့် လက်ရှိ မန္တလေး ပဲဈေးကွက်တွင် ပဲကြီးနှင့် ပဲယင်းမှာ တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်တက်လာသည့်အတွက် သိုလှောင်ရန် ဆောင်ရွက်နေသည့် ကုန်သည်များလည်း ရှိလာကြောင်း သိရသည်။

**Source:**https://www.facebook.com/a9biz/

## အမေရိကန်ရေနံထုတ်လုပ်မှု စံချိန်တင်မြင့်တက်၍ ရေနံဈေးကျဆင်း

တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ရဲ့ ကုန်ထုတ်လုပ်မှုဒေတာတွေ ကျဆင်းသွားခဲ့တာရယ်၊ အမေရိကန် ရေနံထုတ်လုပ်မှုနှုန်းထား စံချိန်တင်မြင့်တက်သွားခဲ့တာ တွေရယ်က ရေနံဈေးကို ဒီနေ့မှာ ကျဆင်းစေခဲ့ပါတယ်။ ဒါပေမယ့်လည်း OPEC ဦးဆောင်တဲ့ ရေနံထုတ်လုပ်မှုလျှော့ချရေးက ရေနံဈေးကွက်ကို အထောက်အပံ့ ကောင်းကောင်း ပေးနေဆဲဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတကာ Brent ရေနံ fututes ဈေးက တစ်စည်ကို $66.26 ဖြစ်ပြီး မနေ့က အပိတ်ဈေးကနေ 0.48% ကျဆင်းထားပါတယ်။ လက်ရှိ အမေရိကန် WTI ရေနံ futures ဈေးက $56.76 ဖြစ်ပြီး မနေ့ကအပိတ်ဈေးကနေ 0.30% ကျဆင်းထားပါတယ်။

အမေရိကန်ရေနံထုတ်လုပ်မှု နှုန်းထားက ပြီးခဲ့တဲ့နှစ်ထက်ကို တစ်နေ့လျှင်ရေနံစည်သန်းပေါင်း 2 ကျော် မြင့်တက်သွားခဲ့ပြီး စံချိန်သစ်ဖြစ်တဲ့ တစ်နေ့လျှင်ရေနံစည်သန်းပေါင်း 12.1 ထုတ်လုပ်နှုန်း ဖြစ်သွားခဲ့ပါတယ်။ တရုတ်နိုင်ငံစီးပွားရေး အားနည်းနေတာကလည်း ရေနံဈေးအပေါ်မှာ ဖိအားဖြစ်ပေါ် လို့နေပါတယ်။

ကမ္ဘာ့ရေနံ တင်သွင်းမှုအများဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုဒေတာ ကျဆင်းလာခဲ့တာ အခုဆိုရင် ၃ လဆက်တိုက် ရှိပါပြီ။ တင်ပို့ကုန်အမှာစာတွေကလည်း ဆယ်နှစ်တာအတွင်းမှာ ကျဆင်းဆုံးဖြစ်ခဲ့ပြန်ပါတယ်။ တရုတ်နိုင်ငံရဲ့ ရေနံဝယ်လိုအား အားနည်းနေစဉ်မှာ ရေနံထုတ်လုပ်သူတွေက ရေနံဈေးကိုလျှော့ချပေးနေရတာပါ။

**Source:**https://www.facebook.com/a9biz/

## တရုတ်ကုန်သည် အဝယ်ရှိသော်လည်း တရားမဝင်၍ ငါးတန်တင်ပို့ရေး အခက်အခဲ ဖြစ်နေ

တရုတ်နိုင်ငံ ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံမှ ငါးတန်မွေးမြူရေး ထွက်ကုန်များကို ဝယ်ယူလိုသော်လည်း တရားဝင် ကုန်သွယ်ခွင့်ပြုထားသည့် ကုန်ပစ္စည်းစာရင်းတွင် ငါးတန် မပါဝင်၍ တင်ပို့ရန် အခက်အခဲ ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ပြောကြားလိုက်သည်။"၂၀၁၈ ခုနှစ်အတွင်းမှာ တရုတ်နိုင်ငံကို မြန်မာပြည်ကနေ ငါးတန်မွေးမြူရေး ထွက်ကုန်တွေ တင်ပို့တဲ့လုပ်ငန်း ပေါ်လာတာပေါ့။ အရင်တုန်းက မရှိခဲ့ဘူး။ တရုတ်ပြည်မှာ ငါးတန်စားသုံးသူ ဈေးကွက်ကြီးဟာ ကျယ်ပြန့်လာတယ်။ ဒါပေမဲ့ တစ်ကယ် တင်ပို့ကြည့်တဲ့အခါကျတော့ တရုတ်ပြည်ရဲ့ ကုန်သွယ်မှုနဲ့ ပက်သက်တဲ့ တာဝန်ရှိ အဖွဲ့အစည်းတွေက ကျွန်တော်တို့ပို့တဲ့ ငါးတန် အမျိုးအစားကို သူတို့က တရားဝင်လက်မခံတဲ့အတွက်ကြောင့် အခက်အခဲဖြစ်ရတယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဆိုသည်။

လက်ရှိတွင် ငါးတန်ကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့် ရရှိနိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် အဖွဲ့ချုပ်အနေဖြင့် အစိုးရတာဝန်ရှိသူများသို့ တင်ပြတောင်းဆိုထားကြောင်း သိရ သည်။

" ကျွန်တော်တို့က မွေးမြူထားပြီးတော့ တရုတ်ပြည်ရဲ့ ဒီကုန်သွယ်မှု သတင်းအချက်အလက်ကဏ္ဍမှာ သွားပြီးတဲ့ မပေါ်ထားဘူး။ မပေါ်တော့ ဟိုကလက်မခံတဲ့အခါ ကျွန်တော်တို့က ဒီဟာကို ပြေလည်အောင် လုပ်ဖို့က ပုဂ္ဂလိကကဏ္ဍက လုပ်ဖို့မလွယ်ဘူး။ ဒါအစိုးရချင်း လုပ်ရမယ့်ကိစ္စဆိုတော့ ဒုသမ္မတ(၁) နဲ့ လုပ်ငန်းရှင်တွေ တွေ့ဆုံပွဲမှာ အခက်အခဲတစ်ခုအနေနဲ့ တင်ပြထားတယ်။ ဒါနဲ့ပက်သက်လို့ နှစ်နိုင်ငံ ကုန်သွယ်မှုနည်းလမ်းနဲ့ အဆင်ပြေအောင် ဆောင်ရွက်ပေးမယ်လို့ ကျွန်တော်တို့ကို စီးပွားကူးသန်းဝန်ကြီးဌာနက ပြောပါတယ်။ မကြာခင်မှာ ပြေလည်သွားမယ် ထင်ပါတယ် " ဟု ဦးဝင်းကြိုင်က ဆက်လက်ပြောဆိုသည်။

တရုတ်နိုင်ငံ အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်းမှာ စတင်၍ မြန်မာ့ငါးတန်မွေးမြူရေး ထွက်ကုန်များကို ဝယ်ယူလာခြင်းဖြစ်ပြီး လတ်တလော အခြေအနေတွင် တင်ပို့မှုပမာဏ နည်းနေသေးသော်လည်း တရုတ်ဝယ်လက်များ၏ ကမ်းလှမ်းမှုများကြောင့် တရားဝင်တင်ပို့ခွင့်ရရှိပါက အရှိန်အဟုန်ဖြင့် တင်ပို့ခွင့်ရနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က

ဆိုသည်။

တရုတ်နိုင်ငံမှာ ငါးတန် ထုတ်လုပ်မှုပမာဏနှင့် သုံးစွဲမှုပမာဏ ကိုက်ညီမှုမရှိ၍ တရုတ်နိုင်ငံအနေဖြင့် မြန်မာ့ငါးတန်ကို တစ်နှစ်လျှင် တန်ချိန် ၇ သိန်းခန့် ဝယ်ယူလိုသည်ဟု ကမ်းလှမ်းထားကြောင်း သိရသည်။

**Source:**http://www.amiamyanmar.com/detail.aspx?id=6874

## မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံရန် ဂျပန်နိုင်ငံလုပ်ငန်း ထိပ်တန်းကုမ္ပဏီများ စိတ်ဝင်စားနေဟုဆို

ပြည်တွင်း မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် ဂျပန်နိုင်ငံလုပ်ငန်းရှင် အများစုမှ စိတ်ဝင်စားမှုများ ရှိနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။

" နိုင်ငံတကာအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ဖို့ရာအတွက် အရန်သင့်ဖြစ်နေပါပြီ။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ရခိုင်မှာ ရင်းနှီးမြှုပ်နှံမှုနဲ့ပက်သက်တဲ့ ဖိုရမ်ကို သွားတက်တဲ့အခါမှာ ဂျပန်နိုင်ငံက တော်တော်များများ စကားလာပြောတာတွေ့ရပါတယ်။ ဂျပန်နိုင်ငံ လုပ်ငန်းရှင် တော်တော်များများက နိုင်ငံရဲ့မွေးမြူရေးနဲ့ ငါးလုပ်ငန်းကဏ္ဍတွေမှာ တော်တော်လေး စိတ်ဝင်တစားရှိပြီးတော့ သူတို့နိုင်ငံရဲ့ ဒုတိယအကြီးဆုံး၊ တတိယအကြီးဆုံး ကုမ္ပဏီကြီးများကပါ ဝင်ရောက်ဖို့ရာအတွက် တာဆူနေပြီ ဖြစ်ပါတယ်" ဟု ဒေါက်တာအောင်သူက ဆိုသည်။ ထို့အတွက် ဖြစ်ပေါ်လာမယ့် တိုးတက်မှု အခြေအနေများနှင့်အတူ လိုက်လျောညီထွေ ရှိရေးအတွက် အားထုတ် ကြိုးပမ်းရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ဆိုသည်။

ဂျပန်နိုင်ငံသည် ကျွန်းနိုင်ငံ တစ်ခုဖြစ်ပြီး၊ ငါးစားသုံးမှုကို ကြိုက်နှစ်သက်သည့် လူမျိုးများဖြစ်ရာ ယင်းတို့၏ ငါး၊ ပုစွန် ဈေးကွက်သည်လည်း ကြီးမားသည့်အတွက် ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်ဆိုပါက ကြိုဆိုကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောဆိုသည်။

"ကျွန်တော်တို့ကတော့ ကိုယ့်နိုင်ငံသားလုပ်နိုင်တဲ့ အခြေအနေမျိုးကို အထူးအားပေးသလို၊ နိုင်ငံခြားသား လာပြီး လုပ်တာကိုလည်း ကျွန်တော်တို့က ကြိုဆိုတယ်။ သို့သော်လည်း လုပ်နိုင်တာတွေ မှန်သမျှကို ကိုယ်နိုင်ငံသားတွေ ကိုယ်တိုင်ပဲ အားထုတ်ပြီး လုပ်ဖို့အတွက် ၊ နိုင်ငံခြားသားက ဦးဆောင်လုပ်ငန်းလုပ်ပြီး၊ ကျွန်တော်တို့က လက်ဝေခံ လုပ်ရတယ်ဆိုရင် နိုင်ငံသားတွေအတွက် အကျိုးအမြတ်ပိုင်း နည်းတာပေါ့။ ကွင်းဆက်တစ်ခုလုံးကို နိုင်ငံသားက လုပ်နိုင်တယ်ဆိုရင်တော့ အကျိုးအမြတ်က ကိုယ်နိုင်ငံနဲ့ပဲ ဆိုင်နေတာပေါ့။ နိုင်ငံခြားသားရင်း နှီးမြှုပ်နှံမှုကိုကျ နိုင်ငံတော်က ဥပဒေပြဌာန်းပြီး ဖိတ်ခေါ်နေတာဆိုတော့ ဒါလဲကြိုဆိုရမှာ မှန်တယ်လိုလဲ လိုအပ်တယ်" ဟု ဦးဝင်းကြိုင်က ဆိုသည်။

၁၉၈၈- ၁၉၈၉ ခုနှစ်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိ မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့်ငါးလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နေသည့် လုပ်ငန်းပေါင်း ၃၈ ခုနှင့်ရှိပြီး နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၆ ဒသမ ၈၂၈ သန်းခန့် ဝင်ရောက်ထားသည်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရ တွေ့ရသည်။

အဆိုပါကဏ္ဍ၌ ထိုင်းနိုင်ငံပြီးလျှင် စင်ကာပူနိုင်ငံမှ ဒုတိယအများဆုံး ဝင်ရောက်ရင်းနှီးမြှုပ်နှံထားပြီး၊ တောင်ကိုရီးယား၊ ဩစတေးလျ၊ မလေးရှား၊ ဗီယက်နာမ်၊ ဂျပန်၊ နယ်သာလန်၊ ယူကေ၊ ဟောင်ကောင် ၊ အိန္ဒိယ၊ တရုတ်၊ ဘရူနိုင်းနှင့် ဩစတေးလျနိုင်ငံတို့မှလည်း အသီးသီးဝင်ရောက် ရင်းနှီးမြှုပ်နှံထားကြသည်။

Source:http://www.amiamyanmar.com/detail.aspx?id=6871

## ရန်ကုန်ဈေးကွက်၌ ငါးခြောက် အရည်အသွေးနှင့် ဝယ်လိုအား နည်းခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းနေ

ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ငါးခြောက်ဈေးကွက်၌ အရည်အသွေးနှင့် ဝယ်လိုအား နည်းခြင်းကြောင့် ငါးခြောက်ဈေးနှုန်းများ ကျဆင်းနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ နဒီရော ပွဲရုံပိုင်ရှင် ဦးဇော်ဇော်မြင့်၏ ပြောပြချက်အရ သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်၌ ယခုလဆန်းတွင် ငါးနီတူ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ခန့်မှ ငွေကျပ် ၆၀၀၀ အထိ ငွေကျပ် ၁၅၀၀ ဈေးကျဆင်းနေပြီး အာပဲ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ မှ ငွေကျပ် ၇၀၀၀ အထိ

ဈေးကျဆင်းလျက် ရှိသည်။



ထို့ပြင် ငါးသေတ္တာ ငါး အသေးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၂၅၀၀၊ ငါးသေတ္တာ ငါးအကြီး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ငွေကျပ် ၃၀၀၀၊ ငါးလသာ အချိုတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ မှ ငွေကျပ် ၄၀၀၀ အထိ ဈေးကျဆင်းနေကာ ယခုလဆန်းပိုင်းကထက် ငွေကျပ် ၅၀၀ ဝန်းကျင် ဈေးကျဆင်းနေကြောင်း သိရသည်။ "ငါးခြောက် အရည်အသွေးတွေ ကျတဲ့အပြင် ဈေးကွက်ထဲ ငါးခြောက်အဝင်များတော့ဈေးကျပြီး အရောင်းလည်း အေးနေတယ်" ဟု ဦးဇော်ဇော်မြင့်ကပြောသည်။

လတ်တလောတွင် ငါးခြောက်ဝယ်ယူသူ နည်းပါးလာသဖြင့် ငါးခြောက်ဈေးကွက် အေးနေသည့်အပြင် ရန်ကုန်ဈေးကွက်အတွင်းသို့ ငါးခြောက်ဝင်ရောက်မှုမှာ ယခင်လကထက် ပိုများလာကြောင်း သိရသည်။ "အရင်ကထက်စာရင် ငါးနီတူက သုံးပုံနှစ်ပုံလောက် အဝင်တိုးလာတယ်။ အာပဲ့ခြောက်လည်း အဝင်နည်းနည်း တိုးလာတယ်။ ဈေးက တအားကြီးကျဆင်းဖို့ မရှိပါဘူး။ ပစ္စည်းအရည်အသွေး ကောင်းရင် ထိန်းပြီး ရောင်းလို့ရတယ်" ဟု ဦးဇော်ဇော်မြင့်က ပြောသည်။

ပြည်တွင်းရှိ ငါးခြောက်ဈေးကွက်သည် အလှူအတန်း အများဆုံးပြုလုပ်သည့်လများတွင် အရောင်းသွက်ကာ ယခုနှစ်တွင် ယမန် နှစ်ကထက် ဈေးကွက်အေးနေကြောင်း သိရသည်။ ရန်ကုန်ဈေးကွက်သို့ အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ငါးခြောက်များ ဝင်ရောက်လျက်ရှိကာ ရခိုင်ပြည်နယ်မှ အနည်းငယ်သာ ဝင်ရောက်ကြောင်း သိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1688-dry-fish-

## မြန်မာ့လက်ဖက်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန် ပလောင်လက်ဖက်စိုက်ပျိုးသူများအသင်းမှ စီစဉ်ဆောင်ရွက်နေ

၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ လက်ဖက်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ပလောင်လက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းမှ သိရသည်။ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန် စနစ်တစ်ခုသတ်မှတ်ပြီး ပင်ကြီးလက်ဖက်မျိုးများကို အဓိက တင်ပို့ရောင်းချ သွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က တရုတ်ပြည်ကို ပို့ဖို့ စနစ်တစ်ခုသတ်မှတ်ပြီး ပို့မယ်။ ပင်ကြီးလက်ဖက်မျိုးကို တင်ပို့သွားမယ်။ ကိုင်းဖြတ်ပြီး တင်ထားတဲ့ လက်ဖက်မျိုးတော့ မဟုတ်ဘူး။ လက်ဖက်မျိုးတွေ ရွေးချယ်ပြီး တရုတ်ပြည်ကို တင်ပို့ဖို့ စီစဉ်နေပါတယ်" ဟု ပလောင် လက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးဇော်ညွန့်က ပြောသည်။

မြန်မာ့လက်ဖက်ကို တရုတ်နိုင်ငံသာမက ပြင်သစ်နိုင်ငံအထိ တင်ပို့သွားမည်ဖြစ်ပြီး လက်ဖက်တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ မှ ကျပ် ၂၀၀၀၀ အထိ ဈေးနှုန်းရရှိလာစေရန် စီစဉ်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်း မြန်မာတစ်နိုင်ငံလုံးကို အတိုင်းအတာအနေဖြင့် လက်ဖက်စိုဧကစုစုပေါင်း ၂၂၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1687-tea-leave.html**

## ငရုတ်အစို ဈေးမြင့်တက်သဖြင့် တောင်သူများ အဆင်ပြေ

မကွေးတိုင်း ဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ ငရုတ်အသစ်များ စတင် ဆွတ်ခူး နေရာ အစိုဈေး မြင့်တက်နေသဖြင့် တောင်သူများ အဆင်ပြေကြောင်း သိရသည်။ "အခုနှစ် ဒီဇင်ဘာ နောက်ပိုင်းက စိုက်တဲ့ငရုတ်တွေ ဆွတ်ခူးနေပါတယ်။ ကုန်စိမ်း ဈေးကွက်မှာတော့ ငရုတ်အစို အဝယ်များတယ်။ အရင်နှစ်က ငရုတ် တစ်ပိဿာငွေကျပ် ၈၀၀ ပဲ ရတယ်။စရိတ်စကလည်း နွားလှည်း တစ်စီးစာ ပိဿာချိန် ၂၀၀ ခန့်ကို ငွေကျပ် ၇၀၀၀ ပေးရတာ၊ စရိတ် စက

နတ်တော့ တွက်ခြေ မကိုက် ဘူး။ အခု ပေါက်ဈေးကတစ်ပိဿာ ငွေကျပ် ၁၅၀၀ ရနေတော့ အဆင်ပြေပါတယ်"ဟု ရေနံချောင်းမြို့နယ်မှ တောင်သူ ဦးလှဝင်းက ပြောသည်။



အဆိုပါဒေသရှိ ငရုတ်များကို ဒေသတွင်း ရေနံချောင်းမြို့နယ်အပြင် မန္တလေး၊ မကွေး၊ ကျောက်ပန်းတောင်း စသည့်မြို့တို့အထိတင်ပို့ရသည်။ငရုတ်ခြောက်ကို အမှုန့်စက်၊ အရောင်တင်စက်၊ ခွဲခြမ်းစက်များက ဝယ်ယူကြပြီး ပြည်ပကိုလည်း တင်ပို့ကြောင်း သိရသည်။

"ငရုတ်ခြောက်အဟောင်း တစ်ပိဿာငွေကျပ် ၄၅၀၀ ဈေးရှိတယ်။ လက်ကျန်ဆိုတာလည်း နည်းနေတာလေ။ ဘာလို့လဲဆိုတော့ အခုနှစ် ငရုတ်အထွက်နည်းတာပါ။ အရင်နှစ်က တစ်နေ့ကို ပိဿာ ၅၀၀ ဝင်ရာကနေ အခုပိဿာ ၃၅၀ ပဲဝင်တော့တယ်"ဟု ပွဲစားတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနစာရင်းအရ ငရုတ်စိုက်ပျိုးမှုမှာ ဧက ၅၈၂ ဧက ဖြစ်ပြီး လျာထားချက်မှာ ၅၇၆ ဧကဖြစ်သော်လည်း ကျော်လွန်ပြီး စိုက်ပျိုးလာကြကြောင်း သိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1691-chilli.html

## Thura News Views

### Investment Fair of Chin State to be held in Yangon

The government is planning to host the Chin State Investment Fair at Yangon's Myanmar Convention Center in March. It is aimed at boosting development to the isolated state. According to an article in Myanmar Business Today, organizers of the fair have invited more than 500 representatives to attend. The participants include local companies, foreign firms, as well as international organisations and diplomats. U Aung Naing Oo, director general of the Directorate of Investment and Company Administration (DICA), said that the fair was being held in Yangon because it is easier to attract attendees, with Chin State being so remote. The fair is being organised by the Chin State government, DaNa Facility, the Chin State Organisation of Chambers of Commerce and Industry, and Yangon-based law firm VDB Loi. The two-day event will showcase Chin traditional clothing, fruits, coffee and local crafts, the article said.

### Airport set to open in Chin State by 2020

A planned airport in Falam, the first to service remote Chin State, is planned to be open in September 2020, according to a report in the Myanmar Times, citing an official from Myanmar's Civil Aviation Department (CAD). Construction of the airport, which is located in the north of the state, began in 2016-17 and had originally been scheduled for 2021-22. However, the article said that State Counsellor Daw Aung San Suu Kyi and President U Win Myint "gave instructions" last month for the earlier deadline to be put in place. Ye Htut Aung, deputy director general of the CAD, said that an extra MMK 10 billion, on top of the current budget of MMK 5 billion, will be required to complete the project early. Chin State has significant tourism potential, but poor infrastructure across the state makes it a challenging place for many visitors to get to. Some of the state's most attractive tourism destinations include the remote hills of north-ern Chin, Nat Ma Taung National Park, and Rih Lake, on the Myanmar-India border. The

government hopes that an airport providing the state with direct access to the rest of the country will significantly develop the economy there.

## Government courts investment in Rakhine

The government hosted the Rakhine Investment Fair last week, aiming to attract foreign companies to invest in the troubled state. This is part of plans led by State Counsellor Daw Aung San Suu Kyi to encourage development in Rakhine State. Aung San Suu Kyi made comments at the event, held at Ngapali Beach, where she spoke of the region's "untapped" economic potential. She gave little mention of the violence that the state has seen in recent years, much of which continues today. In her speech, Aung San Suu Kyi said that Rakhine "still remains untapped", according to an AFP article. She highlighted the huge potential of industries including tourism, manufacturing and oil and gas as "one of the shining assets of Rakhine State". According to the article, participants from India, Japan, South Korea and China attended the event. The government has consistently said that development is needed to bring an end to the long-running conflicts in the state. However, critics of the investment fair say that it failed to deal with some of the deep-seated issues in there. Renewed fighting between the Myanmar Army, also called Tatmadaw, and the Arakan Army have been taking place. Over 100,000 Muslims, who call themselves Rohingya, are still living in segregated camps in Rakhine. Many people do not have access to healthcare, education and livelihoods.

## STOCK EXCHANGE (1.3.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 1st Mar. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 9 | 79,200 | 27,112,747 | 238,592 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 19 | 55,100 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 2 | 14,600 | 10,400,986 | 75,927 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 241 | 5,061,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 9 | 24,300 | 12,212,906 | 32,975 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.25 | +0.00 | +0.00% | 375.25 | 375.25 | 375.25 | 280 | 5,234,200 | 5 | 512,302 |


**Index chart**



# Market Overview

As of 1:00 pm, 1st Mar. 2019

| MYANPIX | 375.25 ▲ 0.00 |
|---|---|
| Total Volume (shares) | 280 |
| Total Value (MMK) | 5 mil |
| Listed Company | 5 |
| Market Cap. (MMK) | 512,302 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |

TIR